# သခင်ယေရှု ကောင်းကင်ဘုံသို့တက်တော်မူသောပွဲနေ့

ရှင်မာတေဦး ၂၈း၁၆ - ၂၀

သခင်ယေရှု ကောင်းကင်ဘုံတက်တဲ့ပွဲကို ယနေ့ ကျင်းပကြပါတယ်။ ဒါကို လွဲလွဲမှားမှား အဓိပ္ပါယ်ကောက်ကြတာက သခင်ယေရှုက ကောင်းကင်ဘုံသို့ မြောက်တက်သွားပြီ၊ တဖြေးဖြေး ပျောက်ကွယ်သွားပြီ။ ငါတို့နဲ့ ဝေးရာကို ရောက်သွားပြီလို့ နားလည်ကြတာတွေဟာ အကုန်မှားပါတယ်။ ကောင်းကင်ဘုံတက်တဲ့ပွဲကနေ ပေးချင်တဲ့ သတင်းစကားကတော့ ခရစ်ယာန်တွေရဲ့ မျှော်လင့်ခြင်းပါပဲ။ ခရစ်ယာန်တွေ ဘာကို မျှော်လင့်ကြသလဲ။ ခရစ်ယာန်တွေ မျှော်လင့်နေကြတာက ငါတို့ရဲ့ နောက်ဆုံးပန်းတိုင်က ကောင်းကင်ဘုံရောက်ဖို့ပါပဲ။ တနေ့ ကောင်းကင်ဘုံမှာ ဘုရားနဲ့အတူ ထာဝရအသက်ရှင်ရမယ်ဆိုတဲ့ မျှော်လင့်ချက်ပါပဲ။

အဲဒီလို မျှော်လင့်နေတာကြောင့် အခု တက်တက်ကြွကြွနဲ့ ရှင်နေတာပေါ့၊ အဲဒီလိုမျှော်လင့်ချက်ကြောင့် အခုလို သူတစ်ပါးကို ချစ်နိုင်တာ၊ ခွင့်လွှတ်နိုင်တာပေါ့။ ဒုက္ခတွေကို မမှုတာပေါ့။ ဒါကြောင့် စိတ်ဓါတ်မကျပဲ နေနိုင်တာပေါ့။ လောကမှာ ရည်ရွယ်ချက်ရှိရှိနေ နေတဲ့သူက တက်ကြွနေတာပါပဲ။ တချို့လူတွေကျ ဘဝကို မရှင်ချင်တော့ပဲ မလွဲမရှောင်သာ ရှင်နေရသလို ဒရွတ်တိုက် သွားနေရသလိုပါပဲ။ ဘာလို့လဲဆိုတော့ ရည်ရွယ်ချက်မှ မရှိတာ၊ ပန်းတိုင်မှ မရှိတာ၊ မျှော်လင့်ချက်မှ မရှိတာပဲ။

ယနေ့ဖတ်ရတဲ့ ဒုတိယကျမ်းစာ ဧဖက်ဆု ၁း၁၈ မှာ ရှင်ပေါလူးက "သင်တို့ကို ကိုယ်တော်ခေါ်တော်မူခဲ့သော မျှော်လင့်ချက်မှာ မည်သည့်အရာ ဖြစ်သည်ကိုလည်းကောင်း၊ သူတော်သူမြတ်တို့ခံစားရမည့် ဘုန်းစည်းစိမ်အမွေတော် မည်မျှကြီးမားသည်ကိုလည်းကောင်း သင်တို့ သိနိုင်ဖို့ ငါ ဆုတောင်းပါတယ်" တဲ့။ ငါတို့ မျှော်လင့်နေတာက သခင်ယေရှု ယနေ့ တက်ကြွပြသွားသလို ကောင်းကင်ဘုံပဲ။ အဲဒီကောင်းကင်ဘုံမှာ သူတော်သူမြတ် ရဟန္တာတွေ ဘယ်လိုကောင်းကျိုးတွေ ခံစားနေရသလဲဆိုတာတွေကို သိစေချင်ပါတယ် တဲ့။ ဒါတွေကို အမွေခံရမယ်ဆိုတာ အမြဲတမ်း မျှော်လင့်နေဖို့ပါ။

အဲဒါကို မျှော်လင့်နေတာက ခရစ်ယာန်တွေပဲ မဟုတ်ပါဘူး၊ လူတိုင်းက မျှော်လင့်နေကြတာပါ။ ဒါပေမဲ့ သူတပါးတွေက ခရစ်ယာန်တွေလောက် မျှော်လင့်ချက် ပြင်းထန်မှာ မဟုတ်ပါဘူး။ ခရစ်ယာန်တွေမှာက ကောင်းကင်ဘုံအကြောင်း ခဏခဏပြောလေ့ရှိကြတယ်။ တခြားသူတွေမှာက ကောင်းကင်ဘုံဆိုတာကို ကြားလည်းမကြားဖူးကြသလို စိတ်လည်း မဝင်စားကြပါဘူး။

ကောင်းကင်ဘုံနဲ့ ပတ်သက်လို့ဆိုရင် ဒီလောကမှာကတည်းက ကောင်းကင်ဘုံကို နဲနဲပါးပါး ရိတ်မိကြပါတယ်။ ဥပမာ - ဒီလောကမှာ လူတွေက အားပေးကြတဲ့အခါ ၊ တယောက်ကို တယောက် ချစ်ကြတဲ့အခါ၊ ခွင့်လွှတ်ကြတဲ့အခါ၊ ကူညီပံ့ပိုးကြတဲ့အခါ စိတ်ကြည်နူးကြတယ်မဟုတ်ဘူးလား။ ကောင်းကင်ဘုံဆိုတာကလည်း အဲဒီလို စိတ်ကြည်နူးမှုမျိုးကို နေ့တိုင်း ခံစားနေရတာပဲ။ ဒါကြောင့် ဒီလောကမှာကတည်းက ရရှိနိုင်တဲ့ဘဝ၊ ပြည့်စုံတဲ့ဘဝဆိုတာ

ယေရှုဘုရားရှင် မိန့်တော်မူဖူးတဲ့ "ကြွယ်ဝတဲ့အသက်တာ" ဆိုတာကို ခေါ်ပါတယ်။ လောကမှာ ကြွယ်ဝတဲ့အသက်တာပေးဖို့ ယေရှုဘုရားရှင်က တရားပေးထားတယ်။ ယေရှုဘုရားရှင်က လမ်းပြခဲ့ပါတယ်။ ကျနော်တို့ မျှော်လင့်တဲ့ကောင်းကင်ဘုံကို ရောက်ဖို့ လမ်းပြပါတယ်။

လူတိုင်း ကောင်းကင်ဘုံရောက်နိုင်ဖို့ ကျနော်တို့မှာ ဟောပြောသက်သေခံဖို့ လိုပါတယ်၊ သာသနာပြုဖို့ လိုပါတယ်။ ကျနော်တို့ မျှော်လင့်ထားတာကို လူတိုင်းလည်း မျှော်လင့်နိုင်ကြဖို့ ဝေမျှကြရမယ်။ ဟောပြောကြရမယ်။ ကျနော်တို့က ဒီမျှော်လင့်ချက်ကို မဟောပြောချင်ဘူးဆိုတာက ကျနော်တို့မှာလည်း မျှော်လင့်ချက် မရှိလို့နေမှာပေါ့။ ကျနော်တို့ ကိုယ်တိုင်က ဘာကြောင့် ကောင်းကင်ဘုံကို မမျှော်လင့်ကြတော့တာလဲဆိုတော့ ယေရှုဘုရားရှင်ကို မယုံကြလို့ပါပဲ။ သူတပါးကို ဒီမျှော်လင့်ချက်မပေးခင်မှာ ကိုယ်ကိုယ်တိုင်က ဒီမျှော်လင့်ချက်အတိုင်း ရှင်သန်နေတဲ့သူ အရင်ဖြစ်ရပါမယ်။ မျှော်လင့်ချက်အတိုင်း ရှင်သန်နေတဲ့သူ။

ဒီမျှော်လင့်ချက်အတိုင်း ရှင်သန်နေဖို့ပဲ ယေရှုဘုရားရှင်က ဒီကနေ့ ပထမကျမ်းစာမှာ "ဂျေရုဆလင်မြို့မှ ထွက်ခွါမသွားပဲ ခမည်းတော်၏ကတိတော်အတိုင်း ဝိညာဉ်တော်ဘုရားကို စောင့်ဆိုင်းနေကြပါ" တဲ့။ ကိုယ့်ချည်းပဲ မသွားပါနဲ့ ဘုရားနဲ့အတူ သွားလာပါတဲ့။ သခင်ယေရှု ကောင်းကင်ဘုံတက်ကြွသွားတာကို မော့ကြည့်နေတဲ့ သူတွေကို ဘေးကရပ်နေတဲ့ သိကြားတမန်က ဘာပြောသလဲ၊ "သင်တို့ထံမှ ကောင်းကင်ဘုံသို့ တက်ကြွသွားတော်မူသော ယေရှုသည် သင်တို့ မြင်ခဲ့ရသည့်အတိုင်း ထိုနည်းအတူ ပြန်လည်ကြွလာတော်မူလိမ့်မည်" တဲ့။

ဒါကြောင့် ကောင်းကင်ဘုံတက်ကြွတာက လူတွေနဲ့ ဝေးရာကို ထွက်ခွါသွားတာ မဟုတ်ဘူး။ တကယ်တမ်းလည်း သခင်ယေရှုက ဒီကမ္ဘာလောကမှ ဘယ်တော့မှ ထွက်ခွါမသွားဘူး။ စွန့်ခွါ မသွားဘူး။ ဒါကြောင့် ကောင်းကင်ဘုံတက်ကြွသွားတာက သခင်ယေရှုက လူတိုင်းနဲ့အတူ တည်ရှိချင်လို့ပါ။ အခု လူတိုင်းရဲ့ စိတ်နှလုံးသားအတွင်းမှာ ဝိညာဉ်တော်ဘုရားအားဖြင့် အတူရှိနေပါတယ်။ ဟိုအရင် တပည့်တော်ကြီးများနဲ့အတူ ကမ္ဘာလောကမှာ သွားလာလှုပ်ရှား တရားဒေသနာဟောပြောနေတုံးက လူတွေရဲ့အပြင်ဘက်ကနေ ပြောဆိုလှုပ်ရှား နေခဲ့တာလေ။ အခုတော့ အပြင်ဘက်ကနေ မဟုတ်တော့ဘူး။ လူတိုင်းရဲ့အတွင်းထဲကနေ ပြောနေပါတော့တယ်။ ဒါကြောင့် ယေရှုဘုရားရှင်က သူ့ကိုယ်သူ အသင်းတော်ရဲ့ ဦးခေါင်းလို့ တင်စားခေါ်ဝေါ်တာပေါ့။ အသင်းတော်နဲ့အတူ တည်ရှိနေလို့ပါပဲ။ ဒါကြောင့် ရှင်ပေါလုးဖြစ်လာမည့် စောလူးကိုလည်း "စောလူး၊ စောလူး အဘယ့်ကြောင့် ငါ့ကို လိုက်လံညှင်းဆဲသနည်း" လို့ ဆိုခဲ့တာပေါ့။

အခု သခင်ယေရှုကို ဘယ်မှာ တွေ့နိုင်သလဲ။ ကျနော့်ဆီမှာ တွေ့နိုင်သလို ခင်ဗျားဆီမှာလည်း တွေ့နိုင်ပါပြီ။ ဒါကြောင့် ယေရှုဘုရားရှင်က ဝိညာဉ်တော်ဘုရားကို စေလွှတ်မယ် ပြောတာက သူက ကောင်းကင်ဘုံမှာထိုင်နေရစ်ပြီးတော့ ဝိညာဉ်တော်ဘုရားကို စေလွှတ်လိုက်တာ မဟုတ်ပါဘူး၊ ကျနော်တို့ရဲ့ စိတ်နှလုံးသားထဲမှာ ကိန်းအောင်းနေချင်လို့ပါပဲ။ ကျနော်တို့ အထဲမှာ ယေရှုဘုရားရှင်က ဝိညာဉ်တော်ဘုရားအားဖြင့် ကိန်းအောင်းတည်ရှိနေလို့ပဲ ကျနော်တို့မှာ ဘုရားရဲ့တန်ခိုးတော်နဲ့ ခွန်အားပြည့်ဝနိုင်တယ်။ ရှင်ပေါလုးလို "ငါ့ကို ခွန်အားနှင့် ပြည့်စုံစေသော ခရစ်တော်အားဖြင့် ငါသည် အရာခပ်သိမ်းကို တတ်နိုင်၏" တဲ့။(ဖိလိပိ ၄း၁၃)

ဒါကြောင့် ကျနော်တို့ သာသနာပြုရာမှာ၊ ဟောပြောသက်သေခံရာမှာ ကိုယ့်အားကိုကိုး

နေလို့ကတော့ မှားမှာပဲ။ ကျနော်တို့မှာ တည်ရှိနေတဲ့ ဝိညာဉ်တော်ဘုရားကို အားကိုးရမယ်။ ကျနော့်တို့ကိုအသုံးပြုဖို့ ဝိညာဉ်တော်ဘုရားကို ခွင့်ပြုရမယ်။ ဒါကြောင့် ယေရှုဘုရားရှင်က ဝိညာဉ်တော်ဘုရား ဆင်းကြွလာဖို့၊ ခွန်အားနဲ့ ပြည့်ဝစေဖို့ ဆုတောင်းကြရမယ် တဲ့။

ဝိညာဉ်တော်ဘုရားနဲ့ ပြည့်ဝတဲ့အခါ၊ ယေရှုဘုရားရှင်ရဲ့ ချစ်ခြင်းနဲ့ ကျနော်တို့ ပြည့်ဝကြတဲ့အခါ ကျနော်တို့ဟာ ကောင်းကင်ဘုံဆိုတဲ့ မျှော်လင့်ချက်ကို ဘယ်တော့မှ လက်မြှောက် အရှုံးပေးမှာ မဟုတ်ပါဘူး၊ ဘယ်တော့မှ ဒီမျှော်လင့်ချက်ကို စွန့်လွှတ်မှာ မဟုတ်ပါဘူး။

နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။

ဂ